# ကိုဗစ်-၁၉ ကာကွယ်ဆေး ဆက်လက် ထိုးနှံမည့်အစီအစဉ်နှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေ့စွဲ - (၄-၂-၂၀၂၁)**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ကာကွယ်ဆေး စတင်ထိုးနှံခြင်းလုပ်ငန်းကို (၂၀၂၁)ခုနှစ်၊ ဇန်နဝါရီလ(၂၇) ရက်နေ့တွင်စတင်ဆောင်ရွက်ခဲ့ပါသည်။ (၂-၂-၂၀၂၁)ရက်နေ့အထိရရှိသောစာရင်းများအရကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်း (၁၀၃,၁၄၂) ဦးကို ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍တစ်နိုင်ငံလုံးတွင်ကာကွယ်ဆေးထိုးနှံပေးမည့်အစီအစဉ်ကို(၂၀၂၁)ခုနှစ်၊ဖေဖော်ဝါရီလ(၅) ရက်နေ့မှ စတင်၍ ဆောင်ရွက်သွားမည် ဖြစ်ပြီး ဖေဖော်ဝါရီလအတွင်းတွင် အောက်ပါ ဦးတည်လူအုပ်စုများကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ပါသည်-

(၁) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ

(၂) ဝန်ကြီးဌာနများနှင့်ဗဟိုရုံးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးအဆင့်နှင့်အထက် နိုင်ငံ့ဝန်ထမ်းများ

(၃) မိမိအိမ်တွင်သာနေထိုင်ရမည့်အစီအစဉ်(Stay-at-home)တွင်ပါဝင်သည့် (၄၀)မြို့နယ်မှ အသက်(၆၅) နှစ်နှင့်အထက် မိဘပြည်သူများ

(၄) ယခင်အစိုးရလက်ထက်တာဝန်ထမ်းဆောင်ခဲ့သောပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်များ

(၂၀၂၁)ခုနှစ်၊ မတ်လမှစတင်၍ လစဉ်ဆောင်ရွက်မည့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးအစီအစဉ်တွင် လအလိုက် ကာကွယ်ဆေးထိုးပေးမည့်လူအုပ်စုများနှင့်ပတ်သက်၍ ဆက်လက်သတင်း ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အိန္ဒိယနိုင်ငံမှ လက်ဆောင်အဖြစ်ပေးအပ်သောကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) (၁.၅) သန်းရရှိထားပြီးဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၊ Serum Institute of India (SII) မှ ဝယ်ယူထားသော ကိုဗစ်-၁၉ ကာကွယ်ဆေး (COVISHIELD) (၃၀)သန်းသည်လည်း လစဉ်အသုတ်လိုက် ရောက်ရှိလာမည်ဖြစ်ပါသည်။ Gavi COVAX facility မှ ထောက်ပံ့သည့် ကာကွယ်ဆေး (၂၇) သန်းခန့် သည်လည်း မတ်လမှစတင်၍ လစဉ်အသုတ်လိုက်ရောက်ရှိရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အသက်(၁၈)နှစ်နှင့်အထက်အသက်အရွယ်ရှိသော မိဘပြည်သူ(၃၈.၃၅)သန်းခန့်ကို(၂၀၂၁)ခုနှစ်အတွင်း ကိုဗစ်-၁၉ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ကြိုးပမ်းစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**